# သတင်းထုတ်ပြန်ချက်

နေ့စွဲ။ ။ ၂၀၁၁ ခုနှစ်၊ ဇွန်လ ( ၂၀ )ရက်၊

လိုင်ဇာမြို့။

လေးစားစွာဖြင့် ကချင်ပြည်နယ်သူ / ပြည်နယ်သားများထံသို့ အသိပေးထုတ်ပြန်အပ်ပါသည်။

၁။ ၂၀၁၁ ခုနှစ်၊ ဇွန်လ (၉) ရက်နေ့မှ ယနေ့အချိန်ထိ KIA တပ်နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲများ ဖြစ်ပွားလျက်ရှိပါသည်။

၂။ KIO အနေဖြင့် ပြည်သူအများစိုးရိမ်ပူပန်လျက် ဒုက္ခကြုံတွေ့ရမည်ကို မလိုလားပါ။

၃။ ၂၀၁၁ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် မမှန်ကန်သော သတင်းအား ထုတ်ပြန်ထားသည် ဖြစ်သောကြောင့် ပြည်သူများ မှန်ကန်သည့် အဖြစ်အပျက်အား သိရှိနိုင်ရန် ဤကဲ့သို့ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

၄။ ၂၀၁၁ ခုနှစ်၊ ဇွန်လ (၈) ရက်နေ့တွင် KIA တပ်မဟာ (၃)၊ တပ်ရင်း (၁၅) ၏ ရှေ့တန်းစခန်းသို့ နယ်ကျံ၍ ဝင်ရောက်လာသော ခမရ (၄၃၇) မှ တတက တစ်ဦးနှင့် ရဲတပ်သားတစ်ဦးအား ရပ်တန့်စေခဲ့ရာ တပ်ကြပ်ကြီးမှာ ထွက်ပြေးသွားပြီး ရဲတပ်သား ရဲနိုင်အား ခေတ္တထိန်းသိမ်း ထားခဲ့ပါသည်။

၅။ ညနေ (၁၄၃၀) ချိန်တွင် ခမရ (၄၃၇) မှ ဗိုလ်ကြီး မြတ်ကိုကိုနှင့် ဗိုလ်ကိုကိုဝင်း တို့နှစ်ဦးလည်း လက်နက်အပြည့်အစုံဖြင့် နယ်ကျံကာ ဝင်ရောက်လာသဖြင့် ၄င်းအရာရှိ နှစ်ဦးအားလည်း ခေတ္တထိန်းသိမ်း ထားခဲ့ပါသည်။

၆။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးမှ KIO ဗဟိုသို့ ၄င်းထိန်းသိမ်းထားသော တပ်ဖွဲ့ဝင်များအား ပြန်လွှတ်ရန် ဆက်သွယ်အကြောင်းကြားလာပါသည်။ တချိန်တည်းမှာပင် စစ်အင်အားများ စေလွှတ်၍ စစ်ဆင်ရေး ပြင်ဆင်မှုများ ပြုလုပ်လာခဲ့ပါသည်။

၇။ ၂၀၁၁ ခုနှစ်၊ ဇွန်လ (၉)ရက်နေ့ (၀၃၀၀) နာရီချိန်တွင် ခမရ (၄၃၇) နှင့် မခရ (၃၄၈) တပ်ဖွဲ့များ ဆန်ဂန်ကျေးရွာသို့ ရောက်ရှိပြီး KIA ရှေ့တန်းကင်းစခန်းအား စတင်ပစ်ခတ်ခဲ့ပါသည်။

၈။ (၀၅၀၀)ချိန်တွင် ဆန်ဂန်ကျေးရွာရှိ KIO ဆက်ဆံရေးရုံးအား ပိုင်းကာ ဒု-တပ်ကြပ်ချန်းယိန်းအား ဖမ်းဆီးခဲ့သည်။

၉။ KIA တပ်ရင်း(၁၅)တပ် ရှေ့တန်း ကင်းစခန်းအား နောက်သို့ဆုတ်၍ ဘွမ်ဆင်စခန်းသို့ ပူးပေါင်းစေခဲ့ပါသည်။ ဤအချိန်အထိ KIA တပ်မှ ပြန်လည်ပစ်ခတ်ခြင်း လုံးဝ မပြုလုပ်ခဲ့ပါ။

၁၀။ မြန်မာ့တပ်မတော် စစ်ကြောင်းများ ဘွမ်ဆင်စခန်းသို့ ချီတက်ကာ စတင်ပစ်ခတ်လာသောကြောင့် ၂၀၁၁ခုနှစ်၊ ဇွန်လ (၉) ရက်နေ့ (၀၇၀၀) ချိန်တွင် KIA တပ်မှလည်း ပြန်လည်ခုခံကာကွယ် ပစ်ခတ်မှုများပြုလုပ်ခဲ့ရပါသည်။

၁၁။ (၀၈၀၀) နာရီခန့်တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ KIO ဗဟိုသို့ ဆက်သွယ်ကာ ထိန်းသိမ်းထားသည့်သူများအား ပြန်လည်လွှတ်ပေးပါက နိုင်ငံတော်အစိုးရမှ ဖမ်းဆီးထားသော KIO ဝန်ထမ်းများကိုလည်း ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း ပြောဆိုပါသည်။

၁၂။ KIO ဗဟိုမှ စာဖြင့်ရေးသား ပေးပို့ပါရန် ပြောရာ "စာဖြင့်ရေးပို့ရန် အကြောင်းမရှိပါ" ဟုပြန်လည်ပြောကြားခဲ့ပါသည်။

၁၃။ (၁၁၃၀) ချိန်တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ပြန်လည်ဆက်သွယ်မှု ပြုလုပ်ခဲ့ပါသည်။

၁၄။ အပြန်အလှန် ညှိနှိုင်းကာ (၁၁၄၅) ချိန်တွင် KIA တပ်ဖွဲ့မှ စတင်၍ ပစ်ခတ်မှုများကို ရပ်ဆိုင်းကာ မြန်မာ့တပ်မတော်မှလည်း (၁၂၃၀) ချိန်တွင် ပစ်ခတ်မှုများကို ရပ်ဆိုင်းခဲ့ပါသည်။

၁၅။ KIO မှ ဖမ်းဆီးခံရသော ဒု-တပ်ကြပ်ချန်းယိန်းမှာ တိုက်ပွဲတွင် ရရှိသော ဒဏ်ရာဖြင့် သွေးလွန်ကာ သေဆုံးသွားကြောင်း ပြောဆို၍ (၁၇၄၅) ချိန်တွင် ဒု-တပ်ကြပ်ချန်းယိန်း ကိုင်ဆောင်သော လက်နက်အား ပေးအပ်ခဲ့ပါသည်။

၁၆။ ဒု-တပ်ကြပ်ချန်းယိန်းအား ဖမ်းဆီးသည့်နေရာမှာ KIO ၏ ဆက်ဆံရေးစခန်းတွင် ဖြစ်သည်သာမက တိုက်ပွဲဖြစ်ကာ ဖမ်းဆီးခဲ့ခြင်းလည်း မဟုတ်သောကြောင့် မြန်မာ့တပ်မတော် ရှေ့တန်းတပ်များမှ လိမ်လည်ကာ အထက်သို့တင်ပြခဲ့ကြောင်း ထင်ရှားနေပါသည်။

၁၇။ မည်သို့ပင် ဖြစ်စေကာမူ KIO မှ စိတ်ရှည်သည်းခံစိတ်ဖြင့် ၂၀၁၁ခုနှစ်၊ ဇွန်လ (၉)ရက်နေ့ (၁၈၃၄) နာရီတွင် ဗိုလ်ကြီးမြတ်ကိုကို၊ ဗိုလ်ကိုကိုဝင်းနှင့် ရဲနိုင်တို့အား ၄င်းတို့ ကိုင်ဆောင်လာသော လက်နက်များနှင့်တကွ ကောင်းမွန်စွာပြန်လည် အပ်နှံခဲ့ပါသည်။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဖမ်းဆီးထားသော KIO တပ်ဖွဲ့ဝင်များကိုကား ယနေ့အထိ တစ်ဦးတစ်ယောက်မှ လွှတ်ပေးခြင်း မရှိပါ။

၁၈။ ၄င်းနေ့ (၁၆၀၀) နာရီတွင် မိုးမိတ် ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်တိုးမှ တာပိန်ရေအားလျှပ်စစ် စက်ရုံသို့ သွားရောက်စစ်ဆေးရန် KIA တပ် စခန်းရှေ့မှ ဖြတ်သန်းခွင့်ပြုရန်နှင့် တစ်ညအိပ်ကာ နောက်တနေ့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း တောင်းဆိုလာသဖြင့် KIO ဗဟိုမှလည်း ခွင့်ပြုခဲ့ပါသည်။

၁၉။ KIO ဗဟိုမှ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ဒု-တပ်ကြပ်ချန်းယိန်း၏ အလောင်းအား ပြန်လည်အပ်နှံရန် အကြိမ်ကြိမ်တောင်းဆိုခဲ့ရပြီး ၂၀၁၁ခုနှစ်၊ ဇွန်လ (၁၀)ရက်နေ့ (၁၄၅၅) နာရီတွင် ပြန်လည်ရရှိခဲ့ပါသည်။

၂၀။ ဒု-တပ်ကြပ်ချန်းယိန်း၏ အလောင်းအား စစ်ဆေးကြည့်ရာတွင် ခန္ဓာကိုယ်အနှံ့ နှိပ်စက်ထားသည့် ဒဏ်ရာများဖြင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၂၁။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်တိုး၏ တပ်ဖွဲ့များမှာ ပြန်လည် ဆုတ်ခွာမည် မဟုတ်ကြောင်းနှင့် ဘွမ်ဆင်စခန်းရှိ KIA တပ်များ ဆုတ်ခွာပေးရမည်ဖြစ်ကြောင်း ပြောဆိုလာခဲ့ပါသည်။

၂၂။ ဗျူဟာမှူးနှင့် တပ်ဖွဲ့များ ပြန်လည်ဆုတ်ခွာခြင်း မပြုသည့်သာမက ခလရ (၂၃၇)၊ ခမရ (၃၂၀)၊ ခမရ (၃၄၈)၊ ခမရ (၃၈၇)၊ ခလရ (၂၃၆)၊ ခလရ (၇၄)၊ ခလရ (၂၁)၊ ခလရ (၁၀၅)၊ ခမရ (၃၂၁)၊ ခလရ (၁၄၁)၊ ခလရ (၃၇) တပ်များအား ထပ်မံ၍ အင်အားဖြည့်လာခဲ့ပါသည်။

၂၃။ ၂၀၁၁ ခုနှစ်၊ ဇွန်လ(၁၁) ရက်နေ့ (၁၂၀၀) ချိန်တွင် နောက်ဆုံးထား၍ ဘွမ်ဆင်စခန်းအား ဆုတ်ခွာပေးရန် ထပ်မံ၍ ရာဇသံပေးလာခဲ့ပါသည်။

၂၄။ ထို့သို့ရှောင်လွှဲမရနိုင်သော အခြေနေအရပ်ရပ်ကြောင့် ယနေ့အချိန်ထိ တိုက်ပွဲများဖြစ်ပွားခဲ့ခြင်း ဖြစ်ပါကြောင်း အများပြည်သူများအား အသိပေး ကြေညာအပ်ပါသည်။

သတင်းထုတ်ပြန်ရေးဌာန

လိုင်ဇာမြို့။